


**IUF:** ကမ္ဘာတဝှမ်းရှိ စားနပ်ရိက္ခာ၊ လယ်ယာနှင့် ဟိုတယ်အလုပ်သမားများကို ပေါင်းစည်းခြင်း

8 Rampe du Pont-Rouge | 1213 Petit-Lancy | ဆွစ်ဇာလန် | IUF@IUF.ORG

# IUF COVID-19 တောင်းဆိုချက်များ - ဟိုတယ်များ

ကမ္ဘာတစ်ဝှမ်းအလုပ်သမားအင်အား၏ ၁၀% သည် ခရီးသွားလုပ်ငန်းမှ ဖြစ်ပြီး တကမ္ဘာလုံး ခရီးသွားလုပ်ငန်း၏ ၅၅.၅% အလုပ်သမားအင်အားမှာ အမျိုးသမီးများဖြစ်သည်။ ဧပြီလ အစပိုင်းကစပြီး ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံနှင့်ဒေသပေါင်း ၂၀၄ ခုတွင် COVID-19 ၏ ဒဏ်ခံကြရသည်။ ကမ္ဘာတဝှမ်းလုံးရှိ မြို့ကြီးများနှင့်နိုင်ငံများ ပိတ်ပစ်ခြင်းဖြင့် ခရီးသွားလုပ်ငန်း ရပ်တန့်သွားစေသည်။ ဟိုတယ်နှင့်စားသောက်ဆိုင် ကဏ္ဍ ပြိုလဲလုနီးပါးဖြစ်ခဲ့သည်။ ဟိုတယ်တချို့ လုပ်ငန်းလည်ပတ်နေဆဲဖြစ်သည်။ သန်းနှင့်ချီသော အလုပ်သမားများ၊ သူတို့မိသားစုများနှင့် လူမှုအသိုင်း အဝန်းတခုလုံး ထိခိုက်စေခဲ့သည်။

ထူးခြားသောဖြစ်ရပ်များတွင် အလုပ်သမားများ၏ အခွင့်အရေးများကို“ ဆိုင်းငံ့ထားခြင်း” သို့မဟုတ်“ ရွှေ့ဆိုင်းခြင်း” မဖြစ်စေရန် IUF က အလုပ်ရှင်များနှင့်အစိုးရများအား သတိပေးထားသည်။ အလုပ်ရှင်၏တာဝန်ဝတ္တရားများသည် ပြဋ္ဌာန်းချက်များနှင့် လူ့အခွင့်အရေး စာချုပ်များ အပေါ်တွင် အခြေခံသည်။

COVID-19 ပြန့်ပွားမှုကို တားဆီးရာတွင် ဟိုတယ်အလုပ်သမားများအား ကာကွယ်စောင့်ရှောက် ခြင်းနှင့် အသက်ဆုံးရှုံးမှု မရှိစေရေးအတွက် အလုပ်သမားသမဂ္ဂ၏ တောင်းဆိုချက်များကို ဤစာစောင်မှ ဖော်ပြထားသည်။



## အလုပ်ရှင်များ

၁။ အလုပ်သမားများသည် ၄င်းတို့၏ လက်ရှိနှင့် အနာဂတ်ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော ဘေးအန္တရာယ်များနှင့် မလိုအပ်သော ထိတွေ့မှုများကို ရှောင်ရှားနိုင်ရန်အတွက် စီမံဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ရန် အလုပ်သမားသမဂ္ဂများနှင့်အလုပ်လုပ်ပါ။

၂။ လုပ်ငန်းပိုင်းများစမဝင်မီ အလုပ်သမားများအား သတင်းအချက်အလက်နှင့် ကြိုတင်ကာကွယ်ရေး ဆိုင်ရာ ကိရိယာများ အပြည့်အဝပေးရန်နှင့် အခြားသင့်လျော်သော နည်းပညာနှင့် ဆေးဘက်ဆိုင်ရာအစီအမံများကို ဖြစ်နိုင်သမျှ စောလျင်စွာ စီစဉ်ထားပေးပါ။

၃။ ဟိုတယ်တွင် သီးခြားစောင့်ကြည့်ခံနေရသော သို့မဟုတ် ပိတ်မိခံထားရသော ဧည့်သည်များအတွက် မရှိမဖြစ် ဝန်ဆောင်မှုပေးရန် အလုပ်ဆင်းရပါက အန္တရာယ်များ နည်းနိုင်သမျှနည်းအောင် အဆိုင်းများ၊ အားလပ်ချိန်များနှင့် လုပ်ငန်းခွင်စီမံချက် အစီအစဉ်များကို ပြုပြင်ပါ။

၄။ ကိုယ်ဝန်ဆောင်များ၊ လက်ရှိရောဂါအခံရှိသူများ နှင့် ဖျားနာနေသူများကဲ့သို့ ထပ်ဆောင်းအန္တရာယ်အချက်များရှိသည့် အလုပ်သမားများအတွက် ဖြည့်စွက် အကာအကွယ်ပေးပါ။

၅။ အန္တရာယ်မကင်းသော အခြေအနေများတွင် အလုပ်လုပ်ရန် ငြင်းဆန်သည့် အလုပ်သမားများ၏ အခွင့်အရေးကိုလေးစားပါ။

၆။ လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ် အာမခံချက်မပေးနိုင်သော နေရာများတွင် အလုပ်သမားအားလုံးအတွက် ကျန်းမာရေး ကုသမှုစရိတ် ပေးပါ။

၇။ မိသားစုအတွက် လိုအပ်သော စောင့်ရှောက်မှုအစီအစဉ်များပေးရန် လိုသော အလုပ်သမားများ၏ အခွင့်အရေးကို လေးစားပါ။

၈။ အလုပ်သမား သမဂ္ဂများနှင့် စေ့စပ်ညှိနှိုင်းကာ ယာယီအစီအမံများနှင့်အတူ အလုပ်သမားများ၏ ဝင်ငွေတည်မြဲမှုနှင့် အလုပ်အကိုင် အကာအကွယ်ပေးမှု ရှိပါစေ။

၉။ စီးပွားရေးလုပ်ငန်းပြန်လည်စတင်ရန် ပြင်ဆင်သည့်အနေဖြင့် အလုပ်သမားများ၏ ကျွမ်းကျင်မှု မြှင့်တင်ရေးနှင့် သင်တန်းလိုအပ်ချက်အတွက် လက်ရှိ စီးပွားရေးဆုတ်ယုတ်နေသော အချိန်ကို အသုံးချပါ။

၁၀။ ကလေးစောင့်ရှောက်မှုအတွက် တာဝန်ပိုမိုယူရသော အမျိုးသမီးများအား လစာရခွင့်ရက်နှင့် ဝင်ငွေအပေါ် ချမှတ်သည့် ကျား၊မ ထိရှလွယ်သော မူဝါဒများကို ပြင်ဆင်ပါ။

၁၁။ သီးခြားစောင့်ကြည့်ခံရခြင်းနှင့် ဖျားနာနေသော ဆွေမျိုးများအား စောင့်ရှောက်ခြင်းအတွက် အကျိုး ဝင်သည့် လစာရ ခွင့်ရက် လုံလောက်စွာ ပေးပါ။

၁၂။ လုပ်ဆောင်ချက် အစီအမံအားလုံးသည် အချိန်ပိုင်းလုပ်သား၊ ဌာရမ်းလုပ်သား၊ အချိန် သတ်မှတ်ချက်မရှိသော စာချုပ်ဖြင့် အလုပ်သမားများ ကဲ့သို့လို စံနှုန်းသတ်မှတ်မထားသည် အလုပ်သမား များ နှင့် အလွတ်သဘော အလုပ်သမားများ အပါအ ဝင် အလုပ်သမားအားလုံး သက်ရောက်မှု ရှိပါစေ။

# IUF COVID-19 တောင်းဆိုချက်များ - ဟိုတယ်များ



## အစိုးရများ

၁။ အလုပ်သမားများ ရင်ဆိုင်နေရသော အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးအခက်အခဲများကို အသိအမှတ်ပြုပြီး သမဂ္ဂများနှင့်အလုပ်ရှင်များ အတူပူးပေါင်းကာ ဤအန္တရာယ်များလျော့ပါးရန် သင့်လျော်တိကျသော အစီအမံကို မိတ်ဆက်ပါ။

၂။ လုပ်ငန်းခွင်အတွင်း ဆက်ဆံရေး မည်သို့ပင် ရှိစေကာမူ အလုပ်သမားအားလုံးအတွက် လစာရ အထူးခွင့်ရက်နှင့် အခမဲ့ကျန်းမာရေး စောင့်ရှောက်ခွင့် အပေါ် အာမခံချက်ပေးပါ။

၃။ ကျန်းမာရေး စောင့်ရှောက်ခွင့်ရစေဖို့ အထောက် အထားမရှိသော ရွှေ့ပြောင်း အလုပ်သမားအားလုံးကို တရားဝင်ဖြစ်အောင် လုပ်ပေးပါ။

၄။ သီးခြားစောင့်ကြည့်ခံရခြင်းနှင့် ဖျားနာနေသော ဆွေမျိုးများအား စောင့်ရှောက်ခြင်းအတွက် အကျုံးဝင်သည့် လစာရ ခွင့်ရက် လုံလောက်စွာ ပေးပါ။

၅။ ကလေးစောင့်ရှောက်မှုအတွက် တာဝန်ပိုမိုယူရသော အမျိုးသမီးများအား လစာရခွင့်ရက်နှင့် ဝင်ငွေအပေါ် ချမှတ်သည့် ကျားမ ထိရှလွယ်သော မူဝါဒများကို ပြင်ဆင်ပါ။

၆။ ကျန်းမာရေးနှင့်ဘေးကင်းရေးသင်တန်းများ နှင့် ပုဂ္ဂိုလ်ရေး အကာအကွယ် ပစ္စည်းကိရိယာများ (PPE) စည်းမျဉ်းများကို ပြဋ္ဌာန်းပါ။

## အကောင်းဆုံး အလေ့အကျင့်

မြောက်အမေရိက စားသောက်ကုန်အလုပ်သမားများ အဖွဲ့ UFCW သည် UNITE HERE အတွက် ပိုမိုလွယ်ကူစေဖို့ သူတို့၏ အလုပ်အကိုင် အင်တာနက် စာမျက်နှာကို အဆင့်မြှင့်ပေးခဲ့သည်။ COVID-19 ကာလ အတွင်း ဧည့်ဝန်ဆောင်မှုဝန်ထမ်းများ စားသောက် ကုန်ထုတ်လုပ်ငန်း၊ စတိုးဆိုင်များနှင့် အရောင်းဆိုင် များတွင် အလုပ်ရှာနိုင်ဖို့ ဖြစ်သည်။ အလုပ်ရှင်များမှာ လည်း လစ်လပ်နေရာများကို အမြန်ဆုံးဖြည့်တင်းဖို့ လုပ်နေသည်။




ဒီစွန့်ဦး မိတ်ဖက်အကြောင်း ပိုမိုသိရှိလိုပါက www.ufcw-jobs.com တွင် ဝင်ကြည့်ပါ။

### သီးခြားစောင့်ကြည့်မည့်နေရာအဖြစ် အသုံးပြုသော ဟိုတယ်များအတွက် လမ်းညွှန်

အချို့သော နေရာများတွင် ဟိုတယ်များကို ရောဂါကူးစက်နိုင်ချေရှိသော လူများအတွက် သီးခြားစောင့်ကြည့်နေနှင့် ယာယီအိမ်အဖြစ် အသုံးပြုသည်။ အားကစားရုံများ၊ ကွန်ဖရင့်စင်တာ များနှင့် အခြားစားနပ်ရိက္ခာ ဝန်ဆောင်မှုပေးသော လုပ်ငန်းနေရာများသည် အရေးပေါ် အစားအစာ ထုတ်လုပ်မှုအတွက်ဖြစ်စေ၊ အရေးကြီးလူနာကုသည့် နေရာအတွက်ဖြစ်စေ အသုံးပြုလာကြသည်။ ဗဟိုသို့မဟုတ် ဒေသန္တရ အစိုးရများအနေဖြင့် ထိုအဆောက်အဦများကို ထိုရည်ရွယ်ချက်ဖြင့် အထူးဥပဒေပြုကာ သုံးစွဲနိုင်သည်။ တနည်းအားဖြင့် အဆောက်အဦများနှင့်စာချုပ်ချုပ်ဆို အသုံးပြုကြရမည်။

ထိုအခြေအနေများအားဖြေရှင်းရန်အတွက် သမဂ္ဂများကို အောက်ပါအတိုင်း အကြံပြုသည်။

### အဆင့် ၁ - အစိုးရကို ဆက်သွယ်ပါ

*ထိုအဆောက်အဦများ အသုံးပြုရန်အတွက် မည်သည့် အစီအစဉ်ရှိသည်ကို ဆုံးဖြတ်ရန် အစိုးရအာဏာရှိများ နှင့် ဆက်သွယ်ပါ။*

### အဆင့် ၂- အဓိက မေးခွန်းများ - အစိုးရ

ဘယ်အစိုးရအေဂျင်စီများမှ ကျင့်သုံးမလဲ။

ဘယ်သူနေနေတာလဲ။

ဘာအလုပ်တာဝန်တွေလိုအပ်လဲ။

ဘယ်ဟိုတယ်တွေကလဲ။

ဘယ်သူ့လုပ်ခလစာနှုန်းလဲ။

မည်သူက အလုပ်လုပ်ကိုင်ခွင့် ရှိသလဲ။

လုပ်ငန်းလည်ပတ်နေသော မြို့နယ်၊ ခရိုင်၊ ပြည်နယ်များတွင် တရားဝင် အခွင့်အာဏာက ဘာလဲ။

အစိုးရအနေဖြင့် ထိုသူတို့ကို စေတနာအလျောက် (ဥပမာ-ဟိုတယ်များကိုငှားရမ်းခြင်း) သို့မဟုတ် အများပြည်သူဆိုင်ရာ အရေးပေါ် ဥပဒေများအရ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေပါသလား။

ထို့နောက်တွင် ဝန်ထမ်းများနှင့် ပတ်သက်၍ ဥပဒေ သို့မဟုတ် အလုပ်အမှုဆောင်အမိန့်က ဘာလဲ။

### အဆင့် ၃ - အဓိက တောင်းဆိုချက်များ - အလုပ်ရှင်နှင့် အစိုးရ

- အဆင့် ၃ - အဓိက တောင်းဆိုချက်များ - အလုပ်ရှင်နှင့် အစိုးရ
- အာဏာပိုင်များသည် ထို အဆောက်အဦကို အလုပ်ရှင်နှင့် စာချုပ် သို့မဟုတ် တဆင့်ခံဖြင့် ဝန်ထမ်းခန့်အပ် အသုံးပြုစေသင့်သည်။
- သမဂ္ဂဝင်အားလုံးသည် စေတနာအလျောက် အလုပ်လုပ်နိုင်ရမည်ဖြစ်သော်လည်း လုပ်ခရလိမ့်မည်
- စေတနာ့ဝန်ထမ်းများမလုံလောက်ပါက တခြားဝန်ဆောင်မှုပေး သမဂ္ဂဝန်ထမ်းများကို အလုပ်လုပ်စေသင့်သည်။
- ကျန်းမာရေးနှင့်လုံခြုံမှုကို မထိခိုက်စေသင့်ပါ
- ကားရပ်နားသည့်နေရာများ အသင့် ပြင်ဆင် ထားရမည် ဖြစ်ပြီး အများပြည်သူသုံး သယ်ယူ ပို့ဆောင်ရေးအသုံးပြုခြင်းကို အားမပေးသင့်ပါ
- အစိုးရများသည် သမဂ္ဂ ကိုယ်စားပြုသော အဆောက်အအုံများကို ဦးစားပေးသင့်သည်။